# ပြည်သူ့လွှတ်တော်၏မှတ်တမ်းထိန်းသိမ်းမှုနှင့် သတင်းအချက်အလက်ဖြန့်ဖြူးမှုဆိုင်ရာ

# လေ့လာမှုစာတမ်းငယ်

**ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း**

စက်တင်ဘာ၊ ၂၀၁၅

# ပြည်သူ့လွှတ်တော်၏မှတ်တမ်းထိန်းသိမ်းမှုနှင့် သတင်းအချက်အလက်ဖြန့်ဖြူးမှုဆိုင်ရာ

## လေ့လာမှုစာတမ်းငယ်

စက်တင်ဘာ၊ ၂၀၁၅





ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း

EMReF
Enlightened Myanmar
Research Foundation

**EMReF**
Enlightened Myanmar
Research Foundation


**ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း**

**(EMReF)**


ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း(EMReF) သည် အမျိုးမျိုးသောဖွံ့ဖြိုးရေးကဏ္ဍများတွင် လုပ်ကိုင်နေသည့် နိုင်ငံတကာနှင့်ပြည်တွင်းအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ မီဒီယာ၊ ပုဂ္ဂလိကကဏ္ဍ၊ လွှတ်တော်နှင့်အစိုးရဌာနအဖွဲ့အစည်းများ စသည့် နယ်ပယ်အသီးသီးမှ ပတ်သက်ဆက်နွယ်သူများကို သတင်းအချက်အလက်နှင့် အထောက်အထားအခြေပြု မူဝါဒအကြံပြုချက်များ ပံ့ပိုးပေးနိုင်ရန်အတွက် လူမှုစီးပွားဆိုင်ရာ သုတေသနများ၊ နိုင်ငံရေးဘောဂဗေဒဆိုင်ရာ လေ့လာသုံးသပ်မှုများ၊ လူမှုရေးအကဲဖြတ်ဆန်းစစ်ချက်များနှင့် အခြားသောဖွံ့ဖြိုးရေးနှင့် ဆက်စပ်သည့်လေ့လာမှုများကို တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိသည့် အကျိုးအမြတ် မယူသော အသိအမှတ်ပြု သုတေသနအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) သည် နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲများ၊ လွှတ်တော်၏စွမ်းဆောင်မှုနှင့် အဓိကကျသောဖွံ့ဖြိုးရေးမူဝါဒကိစ္စရပ်များနှင့် ပတ်သက်၍ စိတ်ချယုံကြည်နိုင်သည့်သတင်းအချက်အလက်များကို ပံ့ပိုးခြင်းအားဖြင့် နိုင်ငံရေးအသိနိုးကြားမှုနှင့် နိုင်ငံသားများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပါဝင်ဆောင်ရွက်မှုတို့ကို မြှင့်တင်ပေးခြင်း၌ ၎င်း၏ အခန်းကဏ္ဍကို ပိုမိုကျယ်ပြန့်လာစေရန် ဆောင်ရွက်လျက်ရှိပါသည်။


**မိတ္တူအတွက် ဆက်သွယ်ရန်**

***ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း(EMReF)***

တိုက်(၃)၊ အခန်း(အေ-၃၀၅)၊ သစ္စာဉယျာဉ်အိမ်ရာ၊ (၃)လမ်း၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်၊ မြန်မာနိုင်ငံ။

ဖုန်း - +၉၅၁၈၅၆၂၄၃၉
အီးမေးလ် - EMReF.info@gmail.com
Website – www.emref.org



**ကျေးဇူးတင်လွှာ**

ယခုအစီရင်ခံစာသည် "အပြောင်းအလဲကာလအတွင်း မြန်မာပြည်သူလူထု အတွက် သတင်းအချက်အလက်ဖြန့်ဝေခြင်းနည်းဗျူဟာအစီအစဉ် (the Information Strategies for Societies in Transition Program)" ၏ အစီရင်စာတစ်ခု ဖြစ်ပါသည်။ သတင်းအချက်အလက်နည်းဗျူဟာအစီအစဉ်ကို USAID (United States Agency for International Development), Microsoft, the Bill & Melinda Gates Foundation နှင့် the Tableau Foundation တို့က ကူညီပေးထားခြင်းဖြစ်ပြီး ဝါရှင်တန်တက္ကသိုလ် (the University of Washington) ၏ Henry M. Jackson School of International Studies မှလည်း ပါဝင်ဖြည့်ဆည်းထားကာ ဝါရှင်တန်တက္ကသိုလ် (the University of Washington) ၏ Information School နှင့်အတူ ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) က မိတ်ဖက်အဖွဲ့အစည်းတစ်ခုဖြစ်သော the Myanmar Book Aid and Preservation Foundation (MBAPF) နှင့် လက်တွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

ယခုလေ့လာမှုစာတမ်းငယ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှတွေ့ဆုံညှိနှိုင်းပေးပြီး လိုအပ်ချက်များကိုခွင့်ပြုပေးခဲ့သော ပြည်သူ့လွှတ်တော်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းအောင်ကို ဦးစွာကျေးဇူးတင်ပါသည်။ ဆက်လက်ပြီး သတင်းနှင့် ပြန်ကြားရေး ဌာနမှ ညွှန်ကြားရေးမှူး ဦးကိုကိုနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးလွင်ကိုဦးနှင့် ဦးစီးအရာရှိများ၊ အစည်းအဝေးမှတ်တမ်းနှင့်ကော်မတီရေးရာဌာနမှ ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းနှင့် သက်ဆိုင်ရာဦးစီးအရာရှိများ၊ ဦးစီးအရာရှိဦးစန်းအောင်၊ မှတ်တမ်းဌာနကြီးမှ ညွှန်ကြားရေးမှူး ဦးရွှေကို၊ လွှတ်တော်ဂျာနယ်ဘက်မှ ညွှန်ကြားရေးမှူး ဦးညွှန့်လင်း၊ ဦးစီးအရာရှိ ဦးဇော်မျိုးလွင်၊ ဂျာနယ်ဒီဇိုင်းပိုင်းမှ ကိုမျိုးသူ၊ ကိုထက်သူအောင်တို့ကိုလည်းကောင်း၊ ယခုလေ့လာသုံးသပ်မှု ပေါ်ပေါက်လာစေရန် ဝိုင်းဝန်းအကြံပြုတိုက်တွန်းကြသော မြန်မာ့ အရပ်ဘက်လူမှုအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များနှင့် သုတေသနပညာရှင်များကို အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။



**မူပိုင်ခွင့်၊ လိုင်စင်၊ ရှင်းလင်းချက်**

မူပိုင်ခွင့် ၂၀၁၅၊ ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF)၊

ယခုအစီရင်ခံစာတွင် ပါရှိသော အချက်အလက်များကို "Creative Commons Attribution Share-Alike" လိုင်စင်အောက်မှ ဖြန့်ချိခြင်းဖြစ်ပါသည်။

အစီရင်ခံစာတွင် ဖော်ပြထားသော ရေးသားသူ၏ ထင်မြင်ယူဆချက်များ၊ တွေ့ရှိချက်များသည် ယခုအစီအစဉ်ကို ပူးပေါင်းဆောင်ရွက်သည့် မိတ်ဖက်အဖွဲ့အစည်းများ၏ ရေးသားဖော်ပြချက် (သို့မဟုတ်) ထင်မြင်ချက်များ မဟုတ်ကြောင်း အသိပေးအပ်ပါသည်



အကျဉ်းချုပ်

ပညာအလင်းပွင့်မြန်မာသုတေသန (Enlightened Myan-mar Research – EMR) သည် ဖွံ့ဖြိုးရေးဆိုင်ရာ သုတေသနများကို စဉ်ဆက်မပြတ် ပြုလုပ်ခဲ့သော နိုင်ငံတည်ဆောက်ရေးဖြစ်စဉ်တွင် တစ်တပ်တစ်အား ပါဝင်နေသော သုတေသနအဖွဲ့အစည်း ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်တွင် နိုင်ငံရေးပါတီများနှင့်ဆိုင်သော မြန်မာနိုင်ငံရေးပါတီများဆိုင်ရာ အချက်အလက်စုစည်းမှုစာအုပ် (၂၀၁၀ -၂၀၁၂) ကို စတင်ပြုစုခဲ့ပြီး နိုင်ငံရေးပါတီများက ထားရှိသော နိုင်ငံဖွံ့ဖြိုးရေးဆိုင်ရာ အမြင်များကိုလည်း လေ့လာသုတေသနပြု ထုတ်ဝေခဲ့ပါသည်။ ထိုမှစတင်ကာ နိုင်ငံရေးပါတီများနှင့် သက်ဆိုင်သော၊ ရွေးကောက်ပွဲများနှင့် သက်ဆိုင်သော၊ လွှတ်တော်များနှင့် သက်ဆိုင်သော လေ့လာမှုဆိုင်ရာ၊ သုတေသနဆိုင်ရာ၊ အကြံပြုမှုဆိုင်ရာ စာတမ်းများ၊ စာတမ်းအကျဉ်းများကို ဆက်လက်ပြုစု သုတေသနပြုလုပ်ခဲ့ပါသည်။

လေ့လာမှု၏ ရည်ရွယ်ရင်းမှာ ပြည်သူပြည်သားတို့၏ အရေးအရာကိစ္စများဆိုင်ရာမူဝါဒများကို ဖော်ဆောင်နေရသော လွှတ်တော်များ၏ လုပ်ဆောင်ပုံများကို မှတ်တမ်းတင်ထားရှိမှု၊ သတင်းအချက်အလက်ဖြန့်ဝေမှုတို့ကိုပိုမိုသိရှိခြင်းအားဖြင့် ဥပဒေပြုရေးမဏ္ဍိုင်၏အရေးပါမှု၊ ထိုလွှတ်တော်များသို့ ရွေးချယ်တင်မြှောက်ပေးကြရမည့် လွှတ်တော်ကိုယ်စားလှယ်များကို စနစ်ကျမှန်ကန်စွာရွေးချယ်ပေးနိုင်ရေးစသည့် နိုင်ငံတည်ဆောက်ရေးအခန်းကဏ္ဍတွင် ပြည်သူအားလုံး ပိုမိုပူးပေါင်းပါဝင်လာစေရန် ဖြစ်သည်။ ထို့အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်ထောင့်တစ်နေရာမှပါဝင်ကြသောအရပ်ဘက်လူ့အဖွဲ့အစည်းများ ၊ နိုင်ငံတကာအကူအညီပေးရေးအဖွဲ့များနှင့် စိတ်ပါဝင်စားသူနိုင်ငံသားအားလုံးသိရှိခြင်းအားဖြင့် လွှတ်တော်များ၏ Policy Making ပိုင်းဆိုင်ရာများတွင် ပိုမိုအောင်မြင်သော ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မှုများပေါ်ပေါက်လာစေရန် ရည်ရွယ်ပါသည်။ ဦးစွာပထမ ပြည်သူ့လွှတ်တော်ကိုလေ့လာခြင်းသည် မြန်မာနိုင်ငံ၏ လွှတ်တော်များကို စတင်လေ့လာမှု၏ ကနဦးခြေလှမ်းအစ၊ စံနူန်းတစ်ခုပင် ဖြစ်သည်။ ၎င်းနောက် အမျိုးသားလွှတ်တော်၊ ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၏ လုပ်ငန်းဆောင်တာ၊ သတင်းအချက်အလက် ထိန်းသိမ်းမှတ်တမ်းတင်ဖြန့်ဖြူးမှုတို့ကိုပါ ဆက်လက် လေ့လာသုတေသနပြုသွားမည်ဖြစ်သည်။ ထိုကဲ့သို့ လေ့လာမှုများထွက်ပေါ်လာခြင်းအားဖြင့် လွှတ်တော်များ၏ မူဝါအကောင်အထည်ဖော်မှုပိုင်းဆိုင်ရာနှင့် အားကောင်းသော ပြည်သူ့အကျိုးပြုလွှတ်တော်များ ဖြစ်ထွန်းပေါ်ပေါက်လာစေရန် ရည်ရွယ်ပါသည်။



**KEYWORDS**

မြန်မာ၊ ရွေးကောက်ပွဲ၊ EMReF,
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း၊ သုတေသန၊
နိုင်ငံရေး၊ နိုင်ငံရေးပါတီ၊ မှတ်တမ်းထိန်းသိမ်းမှု၊
သတင်းအချက်အလက်ဖြန့်ဖြူးမှု၊ အပြောင်းအလဲကာလအတွင်း
မြန်မာပြည်သူလူထုအတွက် သတင်းအချက်အလက်ဖြန့်ဝေခြင်း
နည်းဗျူဟာ၊ ISST


**ကိုးကားရန်**

ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) - (၂၀၁၅) - *ပြည်သူ့လွှတ်တော်မှတ်တမ်းထိန်းသိမ်းမှုနှင့် သတင်းအချက်အလက်ဖြန့်ဖြူးမှုဆိုင်ရာ လေ့လာမှုစာတမ်းငယ်* - ရန်ကုန် - မြန်မာ၊ ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF)

# မာတိကာ


ကျေးဇူးတင်စကား ........ ၂

(၁) ရည်ရွယ်ချက် ........ ၃

(၂) လွှတ်တော်၏ ဖွဲ့စည်းမှုပုံစံ/ဌာနများ ........ ၄

(၃) ဌာနတွင်းသတင်းအချက်အလက်စီးဆင်းမှု ........ ၄

(၄) သတင်းအချက်အလက်မှတ်တမ်းတင်ထိန်းသိမ်းမှု ........ ၅

(၅) သတင်းအချက်အလက် ထုတ်ဝေဖြန့်ဖြူးမှုပုံစံ ........ ၇

(၆) ကြုံတွေ့ရသည့်အခက်အခဲများ ........ ၉

(၇) အကြံပြုချက် ........ ၉

နောက်ဆက်တွဲ (က) ........ ၁၁

နောက်ဆက်တွဲ (ခ) ........ ၁၂

## ကျေးဇူးတင်စကား

ယခုလေ့လာမှုစာတမ်းငယ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ တွေ့ဆုံညှိနှိုင်းပေးပြီး လိုအပ်ချက်များကို ခွင့်ပြုပေးခဲ့သော ပြည်သူ့လွှတ်တော်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းအောင်ကို ဦးစွာပထမ ကျေးဇူးတင်ရပါသည်။ ဆက်လက်ပြီး သတင်းနှင့်ပြန်ကြားရေးဌာနမှ ညွှန်ကြားရေးမှူး ဦးကိုကိုနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးလွင်ကိုဦးနှင့် ဦးစီးအရာရှိများ၊ အစည်းအဝေးမှတ်တမ်းနှင့်ကော်မတီရေးရာဌာနမှ ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းနှင့် သက်ဆိုင်ရာဦးစီးအရာရှိများ၊ နိုင်ငံခြားခရီးထွက်ခွာအဲ့ဆဲဆဲမှာပင် အချိန်ပေးကာစိတ်ရှည်လက်ရှည်ဖြေကြား လုပ်ကိုင်ပေးခဲ့သော ဦးစီးအရာရှိ ဦးစန်းအောင်၊ မှတ်တမ်းဌာနကြီးမှ ညွှန်ကြားရေးမှူးဦးရွှေကို၊ လွှတ်တော်ဂျာနယ်ဘက်မှ ညွှန်ကြားရေးမှူး ဦးညွန့်လင်း၊ ဦးစီးအရာရှိဦးဇော်မျိုးလွင်၊ ဂျာနယ်ဒီဇိုင်းပိုင်းမှ ကိုမျိုးသူ၊ ကိုထက်သူအောင်တို့ကို ကျေးဇူးတင်ပါသည်။ နောက်ဆုံးအနေဖြင့် ယခုလေ့လာသုံးသပ်မှု ပေါ်ပေါက်လာစေရန် ဝိုင်းဝန်းအကြံပြုတိုက်တွန်းကြသော မြန်မာ့အရပ်ဘက်အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များနှင့် သုတေသနပညာရှင်များကို အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

**ပညာအလင်းပွင့်မြန်မာသုတေသန**

တိုက်(၃)၊ အခန်း(အေ-၃၀၅)၊ သစ္စာဥယျာဉ်အိမ်ရာ၊

၃ လမ်း၊ ၈ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊

ရန်ကုန်၊ မြန်မာ။ ဖုန်း +၉၅ ၁ ၅၆၂၄၃၉

# ပြည်သူ့ လွှတ်တော်၏ အစည်းအဝေးမှတ်တမ်းထိန်းသိမ်းမှုနှင့် သတင်းအချက်အလက်ဖြန့် ဖြူးမှုဆိုင်ရာ လေ့လာမှုစာတမ်းငယ်

## (၁) ရည်ရွယ်ချက်

ပါတီစုံဒီမိုကရေစီစနစ်ဆီသို့ စတင်ကူးပြောင်းကာစ ၂၀၁၁ ခုနှစ် ဇန်နဝါရီလကစတင်ခဲ့သော လွှတ်တော်များသည် ယခုလာတော့မည့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် သက်တမ်း (၅) နှစ်ပြည့်တော့မည်ဖြစ်သည်။ ငါးနှစ်တာကာလအတွင်း လွှတ်တော်များ (ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်) ၏ လုပ်ဆောင်ချက်များစွာ ရှိခဲ့သည်။ လွှတ်တော်မှန်လျှင် ဥပဒေများပြဋ္ဌာန်းရမည်၊ ဥပဒေများကို ပြင်ဆင်ရမည်၊ မလိုအပ်သောဥပဒေများကို ပယ်ဖျက်ပေးရမည်တို့ကို လုပ်ဆောင်ရသည့်အပြင် အစိုးရအဖွဲ့ဝန်ကြီးဌာနများ၏ လုပ်ဆောင်မှုများကိုလည်း ကော်မတီများဖွဲ့ကာ စောင့်ကြည့်လေ့လာထိန်းညှိမှုတို့ကို ပြုလုပ်ရသည်။ ယခုပေါ်ပေါက်လာသောလွှတ်တော်များသည် မြန်မာနိုင်ငံသမိုင်းတွင် မရှိခဲ့သောစနစ်သစ်ဖွဲ့စည်းမှုပုံစံဖြင့် ပေါ်ပေါက်လာခြင်းဖြစ်သည်။ စစ်အုပ်ချုပ်ရေးအောက်တွင် နှစ်ပေါင်းများစွာနေထိုင်လာခဲ့ရသော မြန်မာနိုင်ငံတွင် ယခုပေါ်ပေါက်လာသော လွှတ်တော်များအနေဖြင့် ၅ နှစ်တာအချိန်တိုအတွင်း လုပ်ငန်းဆောင်တာများစွာကို လုပ်ဆောင်ဆုံးဖြတ်ခဲ့ရပေသည်။ နိုင်ငံသားများအနေဖြင့်လည်း လွှတ်တော်၏ ဆုံးဖြတ်ချက်၊ ဥပဒေထုတ်ပြန်မှု စသည်တို့ကို စိတ်ဝင်စားလာခဲ့ကြသည်ကို တွေ့ရသည်။ လွှတ်တော်များ စတင်ကာစအချိန်ကပင်လျှင် အများပြည်သူနှင့်သက်ဆိုင်သော အရေးအရာကိစ္စများ (မြစ်ဆုံစီမံကိန်းရပ်တန့်ခြင်း၊ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေ) အစရှိသည်တို့ကိုလည်း လွှတ်တော်သည် ကိုင်တွယ်ခဲ့ရသဖြင့် ပြည်သူများ၏ လွှတ်တော်များကို စိတ်ဝင်စားမှုများလည်း ပိုမိုမြင့်တက်လာခဲ့သည်။ လွှတ်တော်များသည် ၄င်းတို့တွင် ဆွေးနွေးဆုံးဖြတ်ကြသော အစည်းအဝေးများ၊ မှတ်တမ်းတင်ချက်များ၊ အဆိုများစသည်တို့ကို အနာဂတ်အတွက် မှတ်တမ်းမှတ်ရာများ ကျန်အောင် ပြုစုမှတ်တမ်းတင်ရသည်။

ပညာအလင်းပွင့်မြန်မာသုတေသနအဖွဲ့သည် လွှတ်တော်၏ လုပ်ငန်းဆောင်တာများစွာ ရှိသည့်အထဲမှ လွှတ်တော်အစည်းအဝေးများကို မည်သို့ မှတ်တမ်းတင်သည်၊ လွှတ်တော် မှတ်တမ်းများကို မည်သို့ထုတ်ဝေဖြန့်ချိသည် အစရှိသည့် လွှတ်တော်၏အစည်းအဝေးမှတ်တမ်းများ ပြုစုထိန်းသိမ်းခြင်းနှင့် အများပြည်သူသို့ ထိုမှတ်တမ်းများ၊ လွှတ်တော်ဆိုင်ရာသတင်းအချက်အလက်များကို မည်သို့မည်ပုံ ပြန်လည်ဖြန့်ဖြူးမှုပြုသည် စသည်တို့ကို လေ့လာခဲ့ပါသည်။

လေ့လာမှု၏ ရည်ရွယ်ရင်းမှာ ပြည်သူပြည်သားတို့၏ အရေးအရာကိစ္စများဆိုင်ရာ မူဝါဒများကို ဖော်ဆောင်နေရသော လွှတ်တော်များ၏ လုပ်ဆောင်ပုံများကို မှတ်တမ်းတင်ထားရှိမှု၊ သတင်းအချက်အလက်ဖြန့်ဝေမှုတို့ကို ပိုမိုသိရှိခြင်းအားဖြင့်ဥပဒေပြုရေးမဏ္ဍိုင်၏အရေးပါမှု၊ ထိုလွှတ်တော်များသို့ ရွေးချယ်တင်မြှောက်ပေးကြရမည့် လွှတ်တော်ကိုယ်စားလှယ်များကို စနစ်ကျမှန်ကန်စွာ ရွေးချယ်ပေးနိုင်ရေးစသည့် နိုင်ငံတည်ဆောက်ရေးအခန်းကဏ္ဍတွင် ပြည်သူအားလုံးပိုမိုပူးပေါင်းပါဝင်လာစေရန် ဖြစ်သည်။ ထို့အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ကြသော အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ နိုင်ငံတကာအကူအညီပေးရေးအဖွဲ့များနှင့် စိတ်ပါဝင်စားသူနိုင်ငံသားအားလုံး သိရှိခြင်းအားဖြင့် လွှတ်တော်များ၏ Policy Making ပိုင်းဆိုင်ရာများတွင် ပိုမိုအောင်မြင်သော ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မှုများ ပေါ်ပေါက်လာစေရန် ရည်ရွယ်ပါသည်။ ဦးစွာပထမ ပြည်သူ့လွှတ်တော်ကို လေ့လာခြင်းသည် မြန်မာနိုင်ငံ၏လွှတ်တော်များကို စတင်လေ့လာမှု၏ ကနဦးခြေလှမ်းအစ၊ စံနူန်းတစ်ခုပင်ဖြစ်သည်။ ၄င်းနောက် အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၏


လုပ်ငန်းဆောင်တာ၊ သတင်းအချက်အလက် ထိန်းသိမ်းမှတ်တမ်းတင်ဖြန့်ဖြူးမှုတို့ကိုပါ ဆက်လက်လေ့လာ သုတေသနပြုသွားမည်ဖြစ်သည်။ ထိုကဲ့သို့ လေ့လာမှုများထွက်ပေါ်လာခြင်းအားဖြင့် လွှတ်တော်များ၏မူဝါဒကောင်းအထည်ဖော်မှုပိုင်းဆိုင်ရာနှင့် အားကောင်းသောပြည်သူ့အကျိုးပြုလွှတ်တော်များ ဖြစ်ထွန်းပေါ်ပေါက်လာစေရန် ရည်ရွယ်ပါသည်။

## (၂) လွှတ်တော်၏ ဖွဲ့စည်းမှုပုံစံ/ ဌာနများ

ပြည်သူ့လွှတ်တော်တွင် အုပ်ချုပ်စီမံရေးများလုပ်ကိုင်ရန်အတွက် ဌာနကြီး (၃) ခု ရှိသည်။ ၎င်းဌာနများမှာ စီမံရေးရာဌာနကြီး၊ အစည်းအဝေးကော်မတီဌာနကြီးနှင့် သုတေသနနည်းပညာနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီးတို့ဖြစ်သည်။ လွှတ်တော်အစည်းအဝေးများကို မှတ်တမ်းတင်ခြင်း၊ သတင်းထုတ်ပြန်ခြင်း၊ လွှတ်တော်ဥက္ကဋ္ဌနှင့်ဆိုင်သော သတင်းများကို မီဒီယာများသို့ ထုတ်ပြန်ခြင်း၊ အစည်းအဝေးမှတ်တမ်းစာအုပ်များကို ပြုစုထုတ်ဝေခြင်း၊ အင်တာနက်ဝက်ဘ်ဆိုက်များသို့လွှင့်တင်ခြင်း စသည်တို့ကို အစည်းအဝေး/ကော်မတီဌာနကြီးနှင့် သတင်းနှင့်ပြန်ကြားရေးဌာနတို့က လုပ်ဆောင်ရသည်။ အဆိုပါဌာနကြီးများ၏ အောက်တွင် ဌာနခွဲများ၊ ဦးစီးဌာနများ ကဏ္ဍအလိုက်တည်ရှိသည်။

## (၃) ဌာနအတွင်း သတင်းအချက်အလက်စီးဆင်းမှု (လွှတ်တော်တွင်း သတင်းအချက်အလက် ဖလှယ်သောဌာနများ)

**သတင်းအချက်အလက်များ ချိတ်ဆက်စီးဆင်းမှုပြပုံ**



လွှတ်တော်အတွင်း အစည်းအဝေးဆိုင်ရာသတင်းအချက်အလက်များသည် အစည်းအဝေးမှတ်တမ်းဌာန၊ သတင်းနှင့်ပြန်ကြားရေးဌာနနှင့် စီမံရေးရာဌာနကြီးတို့ကြား အပြန်အလှန်ဆက်သွယ်မှုများရှိသည်။ အစည်းအဝေးမှတ်တမ်းဌာနသည် အရင်းခံဌာနဖြစ်ပြီး နေ့စဉ်ကျင်းပသော အစည်းအဝေးများ၏ နေ့စဉ်မှတ်တမ်းများကို အဓိကပြုစုရသည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများ၊ အဆိုများသည် ရှေးဦးစွာ မေးခွန်းနှင့်အဆိုဌာနသို့ ရောက်ရှိသည်။ ထိုရောက်ရှိလာသောမေးခွန်းများကို စုစည်းကာ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပေးပို့သည်။ ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် မေးခွန်းအလိုက် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပေးပို့သည်။ ထို့နောက် ဝန်ကြီးဌာနမှ အဖြေပြန်လည်ပေးပို့သည် (သို့မဟုတ်) လွှတ်တော်သို့ လာရောက်ဖြေဆိုမည် စသည်တို့ကို စောင့်ဆိုင်းရသည်။ ဝန်ကြီးဌာနများဘက်မှ အကြောင်းပြန်ကြားချက်များ ရရှိသောအခါတွင် အစည်းအဝေးအစီအစဉ်နှင့် Script ရေးဆွဲခြင်းဌာနသို့ ပေးပို့သည်။ ထိုဌာနမှတစ်ဆင့် ထိုင်ခုံနေရာချထားရေးနှင့် ကိုယ်စားလှယ်စိစစ်ရေးဌာန၊ ၎င်းနောက် လွှတ်တော်အစည်းအဝေးကျင်းပသည့်အဆင့်သို့ ရောက်ရှိသည်။ ထိုအဆင့်တွင် မေးခွန်းများ၊ အဆိုများ၏ ပြန်လည်ဖြေဆိုနိုင်မှုအပေါ်မူတည်ကာ (၇) ရက်မှ (၁၀) ရက်ခန့် ကြာတတ်သည်။ အချို့သောအရေးကြီးအဆိုများဆိုလျှင် ထိုထက်ပို၍ အချိန်ကြာတတ်သည်။

လွှတ်တော်အစည်းအဝေးများ ကျင်းပနေစဉ်အတောအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၏ အသံဖမ်းယူပေးပို့မှုကို အစည်းအဝေးမှတ်တမ်းနှင့်ဆုံးဖြတ်ချက်ဌာနက စီဒီချပ်ဖြင့်ရယူပြီး စာစီစာရိုက်ပြန်လည်ပြုလုပ်သည်။ ထိုအဆင့်သည် နာရီပိုင်းအတွင်း လုပ်ဆောင်နေခြင်း ဖြစ်သည်။ ထိုသို့စာစီစာရိုက်ပြုလုပ်ပြီးသော ဖိုင်များကို သတင်းနှင့်ပြန်ကြားရေးဌာနမှ Memory stick ဖြင့် လာရောက်ယူငင်ပြီး ဝက်ဘ်ဆိုက်ပေါ်သို့တင်ခြင်း၊ လူမှုကွန်ရက်ပေါ်သို့ တင်ခြင်း စသည်တို့ကို ဆောင်ရွက်သည်။ ထိုဖြစ်စဉ်များကို တစ်ရက်တာအတွင်း ပြုလုပ်ဆောင်ရွက်ခြင်း ဖြစ်သည်။

ထို့အပြင် ယင်းအချက်အလက်များကို စီမံဌာနကြီးသို့လည်း ပေးပို့ရသည်။ အကြောင်းရင်းမှာ လွှတ်တော်ဂျာနယ်ထုတ်ဝေရန်အတွက် စုစည်းထားခြင်းဖြစ်သည်။ အစည်းအဝေးမှတ်တမ်းဌာနမှ နေ့စဉ်ပြုစုပြီးသော နေ့စဉ်မှတ်တမ်းကို သတင်းနှင့်ပြန်ကြားရေးဌာနအောက်ရှိ နည်းပညာ (၁) အဖွဲ့ကရယူပြီး Website တင်ခြင်း၊ ကောက်နုတ်အတိုချုပ်ပြီး ပြည်သူ့လွှတ်တော်ရုံး Facebook တွင် တင်ခြင်းစသည်တို့ကို ပြုလုပ်သည်။ စီမံဌာနကြီးနှင့် ဆက်သွယ်ရခြင်းမှာ လွှတ်တော်ဂျာနယ်ထုတ်ဝေမှုကို စီမံဌာနကြီးမှ ကိုင်တွယ်သောကြောင့် ဖြစ်သည်။ စီမံဌာနကြီးသည် အစည်းအဝေးမှတ်တမ်းဌာနမှ မှတ်တမ်းတင်ပြီးသော အစည်းအဝေးမှတ်တမ်းများအပြင် အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်တို့မှ နေ့စဉ်အစည်းအဝေး မှတ်တမ်းများကိုပါ စုစည်းကာ လွှတ်တော်ဂျာနယ်ထုတ်ဝေခြင်းဖြစ်သည်။

## (၄) သတင်းအချက်အလက်မှတ်တမ်းတင်ထိန်းသိမ်းမှု

### (က) မှတ်တမ်းဌာနကြီး

ပြည်သူ့လွှတ်တော်မှတ်တမ်းဌာနကြီးကို ဖွဲ့စည်းမှုမှာ နှစ်နှစ်ကျော်မျှသာရှိသေးသည်။ ဌာနကြီး၏ အဓိကလုပ်ငန်းမှာ ပြည်သူ့လွှတ်တော်တစ်ခုလုံး၏ မှတ်တမ်းမှတ်ရာများ၊ အစည်းအဝေးများထဲမှ ရေရှည်မှတ်တမ်းထားရမည့် အချက်အလက်များ (ဥပမာ-အရေးကြီးအဆို၊ မေးခွန်းများနှင့် သက်ဆိုင်သော မှတ်တမ်းမှတ်ရာများကို သိမ်းဆည်းထားရခြင်း ဖြစ်သည်။ မှတ်တမ်းဌာနကြီးတွင် ပြည်သူ့လွှတ်တော်အစည်းအဝေး တစ်ကြိမ်ချင်းစီအတွက် အသံဖိုင်ဒီဗွီဒီအချပ်များ၊ အစည်းအဝေးမှတ်တမ်းစာဖိုင်တွဲများ၊ ဥက္ကဋ္ဌရုံးမှ ထိန်းသိမ်းထားသင့်သည့် အချက်အလက်များနှင့် ပြည်သူ့

လွှတ်တော်ကော်မတီ၊ ကော်မရှင်တို့၏အစီရင်ခံစာများ၊ အစည်းအဝေးမှတ်တမ်းများကို ထိန်းသိမ်းထားရသည်။ မှတ်တမ်းအဖြစ် ထိန်းသိမ်းရန်အတွက် ပြည်သူ့လွှတ်တော်ရုံးရှိ ဌာနခွဲအားလုံးမှ ထိန်းသိမ်းသင့်သည့်အကြောင်းအရာများ၊ အချက်အလက်များရှိလျှင် ပို့ပေးနိုင်ရန်ကို စာထုတ်တောင်းဆိုရသည်။ ထို့အပြင် လွှတ်တော်ဥက္ကဌကြီး၏ ပြည်တွင်းခရီးစဉ်များနှင့် ပတ်သတ်ပြီးလည်း မှတ်တမ်းဖော်ကာ ထိန်းသိမ်းပေးရသည်။

**(ခ) အစည်းအဝေးမှတ်တမ်းဌာနအကြောင်း**

လွှတ်တော်အစည်းအဝေးများနှင့်ပတ်သက်လျှင်အဓိကမှတ်တမ်းတင်ထိန်းသိမ်းရသောဌာနမှာ အစည်းအဝေးမှတ်တမ်းဌာနဖြစ်သည်။ အစည်းအဝေးမှတ်တမ်းဌာနတွင် စည်း-၁ အစည်းအဝေးအစီအစဉ်နှင့် script ရေးဆွဲခြင်းဌာန၊ စည်း-၂ အစည်းအဝေးမှတ်တမ်းနှင့် ဆုံးဖြတ်ချက်ဌာန၊ စည်း-၃ ထိုင်ခုံနေရာချထားရေးနှင့် ကိုယ်စားလှယ်စိစစ်ရေးဌာနနှင့် စည်း-၄ မေးခွန်းနှင့်အဆိုဌာနဟူ၍ ဌာန ၄ ခု ပါဝင်ဖွဲ့စည်းထားရှိပြီး ထောက်တိုင်ကြီးလေးခုဟုခေါ်ကြသည်။

တစ်နေ့တာလွှတ်တော်အစည်းအဝေး စတင်သည့်အချိန်မှစ၍ ပြန်ကြားရေးဝန်ကြီးဌာန၏ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနမှအသံဖမ်းယူခြင်း၊ ရုပ်သံမှတ်တမ်းတင်ရိုက်ကူးခြင်းတို့ကို လုပ်ဆောင်သည်။ ထိုသို့ရိုက်ကူးရရှိသော ဗွီဒီယိုမှတ်တမ်းကို နေပြည်တော်တပ်ကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံးချုပ်သို့ တိုက်ရိုက်ပေးပို့ပြီး အသံဖိုင်ကို လွှတ်တော်ရှိအစည်းအဝေးမှတ်တမ်းဌာနကြီးသို့ စီဒီချပ်ဖြင့် ပေးပို့သည်။ ထိုသို့ မြန်မာ့အသံရိုက်ကူးရေးအဖွဲ့၏ ပေးပို့သောအသံဖိုင်ကို အစည်းဝေးကော်မတီဌာနမှ ဝန်ထမ်းများက စာပြန်ရိုက်ရသည်။ ၂၀၁၁ ခုနှစ်လွှတ်တော်များစတင်ချိန်က တစ်နေ့တာအစည်းအဝေးများ ပြီးဆုံးချိန်နီးမှသာလျှင် အသံမှတ်တမ်းကိုရရှိပြီး လွှတ်တော်ရုံးဝန်ထမ်းများက ပြန်လည်ရိုက်နှိပ်စာစီရသဖြင့် နှောင့်နှေးကြန့်ကြာမှုများဖြစ်ရပြီး သွက်လက်မြန်ဆန်စွာ သတင်းထုတ်ပြန်ပေးနိုင်ခြင်း မရှိခဲ့ပေ။ ယခုဆိုလျှင် မြန်မာ့အသံရိုက်ကူးရေးအဖွဲ့မှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်း၏ အမေးအဖြေ (သို့မဟုတ်) အဆိုများကို တစ်ခုချင်းစီ၊ တစ်ယောက်ချင်းစီ ဆွေးနွေးမေးမြန်းပြီးသည့်အခါတိုင်း အသံစီဒီတစ်ချပ်ကို ထုတ်လုပ်ပေးသည်။ ထိုသို့ထုတ်လုပ်ပေးသော အသံစီဒီကို ရရှိသဖြင့် လွှတ်တော်ရုံးဝန်ထမ်းများက အချိန်နှင့်တစ်ပြေးညီ စာစီစာရိုက်ကာ မှတ်တမ်းတင်လာနိုင်ခဲ့ကြသည်။ ထိုသို့ ကွန်ပျူတာဖြင့် စာစီရိုက်ကူး၍ ရလာသော အမေး၊ အဆို၊ ဖြေကြားချက်၊ ဆွေးနွေးချက်မူကြမ်းကို ဦးစီးအရာရှိတစ်ဦးနှင့် လက်ထောက်ညွှန်ကြားရေးမှူး တစ်ဦးက ဖမ်းယူထားသော အသံဖိုင်နှင့်တိုက်ဆိုင်ကာ စစ်ဆေးသည်။  ထိုသို့ စစ်ဆေးပြီးသည့် မူကြမ်းကိုမှ ညွှန်ကြားရေးမှူးတစ်ဦးမှ ထပ်မံစစ်ဆေးပြီး ကာယကံရှင်လွှတ်တော်ကိုယ်စားလှယ်သို့ ပြသကာ စကားလုံးအကျအပေါက်၊ ကိုယ်စားလှယ်၏ မူရင်းဆိုလိုရင်း၊ ဘာသာရပ်ဆိုင်ရာအင်္ဂလိပ်အသုံးအနှုန်းများ ပါလာပါက ဆိုလိုရင်းမှန်မမှန်၊ စာလုံးပေါင်း မှန်/မမှန် စသည်တို့ကို ပြန်လည်တိုက်ဆိုင်စစ်ဆေးရသည်။ ထိုသို့ စစ်ဆေးပြီးသောအခါမှသာလျှင် ပြည့်စုံချောမွေ့မှန်ကန်သော အမေးအဖြေနှင့် အစည်းအဝေးတွင် ဆွေးနွေးမှုကို အခြေခံအဆင့်မှတ်တမ်းတင်မှု ပြီးဆုံးသည်။


ထိုသို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီ၏ မေးခွန်းများ၊ အဆိုများဆိုင်ရာ စီဒီတစ်ချပ်ချင်းစီကို အားလုံးစုစည်းကာ တစ်နေ့တာအစည်းအဝေးအစီအစဉ်မှတ်တမ်းအဖြစ် အသံစီဒီတစ်ချပ်ကို ပြန်လည်စုစည်းသည်။ ယင်းသို့စုစည်းရရှိသော  တစ်နေ့တာအစည်းအဝေးမှတ်တမ်း စီဒီချပ်များကို ပေါင်းစုပြီးနောက် အစည်းအဝေးတစ်ကြိမ်ပြီးလျှင် ဒီဗွီဒီတစ်ချပ် ထုတ်လုပ်ကာ စီမံစည်းဝေးမှတ်တမ်းဌာနကြီးကို အပ်ရသည်။

### (ဂ) ပြန်ကြားရေးဝန်ကြီးဌာန

လွှတ်တော်အစည်းအဝေးများရှိလျှင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရိုက်ကူးရေးအဖွဲ့မှ နေ့စဉ်လာရောက်ကာ ရုပ်သံများကို ရိုက်ကူးမှတ်တမ်းတင်ရသည်။ အသံသီးသန့်ဖမ်းယူခြင်းလည်း ပြုလုပ်သည်။ အသံများကို အစည်းအဝေးမှတ်တမ်းဌာနသို့ပေးပြီး ရုပ်သံဖိုင်များကို နေပြည်တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရုံးချုပ်သို့တိုက်ရိုက်ပေးပို့သည်။ ၎င်းနောက် နာရီဝက်ခြားကာ လွှတ်တော်ရုပ်သံလိုင်းမှ လွှတ်တော်သတင်း ထုတ်လွှင့်ခြင်း ဖြစ်သည်။

## (၅) သတင်းအချက်အလက် ထုတ်ဝေဖြန့်ဖြူးမှုပုံစံ

### (က) အချက်အလက်ထိန်းသိမ်းဖြန့်ဖြူးမှုပုံစံ




### (ခ) အစည်းအဝေးမှတ်တမ်းဌာန၏ လုပ်ဆောင်မှုများ (နေ့စဉ်မှတ်တမ်းတင်မှုနှင့် မှတ်တမ်းစာအုပ်ထုတ်ဝေမှု)

အစည်းအဝေးမှတ်တမ်းစာအုပ်ထူကြီးများကို လွှတ်တော်အစည်းအဝေးကျင်းပမှု တစ်ကြိမ်ပြီးလျှင်သော် လည်းကောင်း (သို့မဟုတ်) နေ့စဉ်အစည်းအဝေးမှတ်တမ်းများပြုစုမှုသည် စာမျက်နှာ ၇၀၀/၈၀၀ ခန့် ရရှိလာလျှင် သော်လည်းကောင်း မှတ်တမ်းစာအုပ်ရိုက်နှိပ်ရန် စီစဉ်ရသည်။ ပထမအကြိမ်ပြည်သူ့လွှတ်တော်၏ ပုံမှန်အစည်းအဝေး မှတ်တမ်းစာအုပ်ကို ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းသို့ (၂၇.၇.၂၀၁၁) ရက်နေ့တွင်အပ်နံကာ စတင်ရိုက်နှိပ်သည်။ ၎င်းနောက် တတိယပုံမှန်အစည်းအဝေးစာအုပ်ကို ထုတ်လုပ်ရေးတပ် ပြည်သူ့ဆက်ဆံရေးသို့ (၂၉.၆.၂၀၁၂) ရက်နေ့တွင် အပ်နံရိုက်နှိပ်သည်။ ပထမအကြိမ်ပြည်သူ့လွှတ်တော်၏ ပဋ္ဌမပုံမှန် အစည်းအဝေးမှ သတ္တမပုံမှန်အစည်းအဝေးအထိ ပုဂ္ဂလိကပုံနှိပ်စက်များဖြစ်သော ချမ်းသာ၊ ကျိုင်းတုံနှင့် မုဒိတာပုံနှိပ် တိုက်များတွင် အပ်နံရိုက်နှိပ်စေခဲ့ပြီး ပထမအကြိမ်ပြည်သူ့လွှတ်တော်၏ အဋ္ဌမပုံမှန်အစည်းအဝေးမှ စတင်ကာ ပြည်ထောင်စုလွှတ်တော်ရုံးပုံနှိပ်စက်မှ ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ထိုကဲ့သို့ အစည်းအဝေးမှတ်တမ်းစာအုပ်များကို ပုံနှိပ် လျှင် ပြည်သူ့လွှတ်တော်ရုံး၏အစည်းအဝေးမှတ်တမ်းဌာနက ပုံနှိပ်စက်မတင်မီအချိန်ထိ လိုအပ်သောလုပ်ငန်းစဉ် အဆင့်ဆင့်ကို အစမှအဆုံးတိုင် လုပ်ကိုင် ဆောင်ရွက်ပေးရသည်။

### (ဂ) ဂျာနယ်ထုတ်ဝေဖြန့် ဖြူးမှုအပိုင်း

လွှတ်တော်ဂျာနယ်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၏ လမ်းညွှန်အကြံပြုချက်ဖြင့် (၁၀.၉.၂၀၁၂) တနင်္လာနေ့က စတင်ထုတ်ဝေခဲ့ပါသည်။ ထုတ်ဝေရခြင်းရည်ရွယ်ချက်မှာ လွှတ်တော်တွင်းသတင်းများ ခိုင်မာမှန်ကန်စွာနှင့် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရန်၊ ဆောင်ရွက်ချက်များကို စုစည်းဖော်ပြနိုင်ရန်၊ လွှတ်တော်နှင့်ပြည်သူများအကြား အပြန်အလှန်နားလည်ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်ရန်၊ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးနှင့် လွှတ်တော်များ၏ ထမ်းဆောင်ရမည့်အခန်းကဏ္ဍကို မှန်ကန်စွာဆက်စပ်နားလည်မှုရှိလာရန် စသည့်ရည်ရွယ်ချက်များဖြင့် ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ထို့အပြင် လွှတ်တော်အစည်းအဝေးမှတ်တမ်း စာအုပ်ထူကြီးများသည် ကိုယ်စားလှယ်များကိုင်တွယ်ဖတ်ရှုရာတွင် လေးလံပြီး လွယ်လင့်တကူအကိုးအကားမပြုနိုင်ခြင်း၊ အများပြည်သူလည်း လွယ်လင့်တကူ ကိုင်တွယ်လေ့လာဖတ်ရှုနိုင်ရန်အတွက်ပါ ရည်ရွယ်ပြီး လွှတ်တော်သုံးရပ်စလုံး၏ အစည်းအဝေးများကိုပါ ထည့်သွင်းကာ ထုတ်ဝေခဲ့ခြင်း ဖြစ်သည်။ အချက်အလက်အသေးစိတ်အပြည့်အစုံ မပါသည့်တိုင်အောင် လွှတ်တော်ဂျာနယ်သည် ပြည်သူ့လွှတ်တော်တစ်ခုတည်း၏ သတင်းအချက်အလက်များ၊ အစည်းအဝေးများကိုသာ စုစည်းထုတ်ဝေခြင်းမဟုတ်ဘဲ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်တို့မှ သတင်းအချက်အလက်များ၊ အစည်းအဝေးများကိုပါ ထည့်သွင်းကာ ထုတ်ဝေခြင်းဖြစ်ပါသည်။ ထိုမျှသာမက လွှတ်တော်အမတ်များအပြင် လွှတ်တော်ရုံးမှ စာပေဝါသနာရှင်များကပါ ဥပဒေပြုရေးဆိုင်ရာဆောင်းပါးများ၊ အခြားသော လွှတ်တော်ဆိုင်ရာများ၊ သုတေသနဆိုင်ရာများကိုပါ ထည့်သွင်းဖော်ပြကြသည်။ လွှတ်တော်ဂျာနယ်ကို လွှတ်တော်အစည်းအဝေးများရှိနေလျှင် နှစ်ပတ်တစ်ကြိမ်ထုတ်ဝေပြီး အချို့အကြိမ်များတွင် တစ်ပတ်တစ်ကြိမ် ထုတ်ဝေခြင်းများလည်း ရှိခဲ့သည်။ (၁၀.၉.၂၀၁၂) နေ့ရက်မှစတင်ထုတ်ဝေခဲ့သော လွှတ်တော်ဂျာနယ်သည် ယခုဆိုလျှင် အမှတ်စဉ် (၁၁၇) အထိ ရောက်ရှိခဲ့ပြီဖြစ်သည်။ ပထမဆုံးအကြိမ် လွှတ်တော်ဂျာနယ်ထုတ်ဝေစဉ်က ဂျာနယ်ထုတ်ဝေရေးအဖွဲ့၏ ရင်တွင်းစကားကို နောက်ဆက်တွဲ (က) ဖြင့် ပြသထားပါသည်။ ပထမဆုံးအကြိမ် ထုတ်ဝေခဲ့သော လွှတ်တော်ဂျာနယ်အမှတ်စဉ် (၁) ၏ မျက်နှာဖုံးပုံကို နောက်ဆက်တွဲ (ခ) ဖြင့် ဖော်ပြထားပါသည်။

### (ဃ) Website & Facebook မှ သတင်းအချက်အလက်ဖြန့် ဖြူးမှု

လွှတ်တော်အစည်းအဝေးများ၊ လွှတ်တော်တွင်းဆိုင်ရာ သတင်းအချက်အလက်များကို အင်တာနက်အသုံးပြုလွှင့်တင်ခြင်းအတွက် သတင်းနှင့်ပြန်ကြားရေးဌာနအောက်ရှိ နည်းပညာ (၁/၂) စသည့်အဖွဲ့များမှ လုပ်ဆောင်ရသည်။ အင်တာနက်လိုင်းကို မြန်မာ့ဆက်သွယ်ရေးက တာဝန်ယူဆောင်ရွက်ပေးသည်။ လွှတ်တော်၏ တစ်နေ့တာအစည်းအဝေးအစီအစဉ်ကို အစည်းအဝေးဌာနမှ မှတ်တမ်းရိုက်ယူပြီးစီးပါက နည်းပညာ ၁ အဖွဲ့သို့ ပေးပို့ပါသည်။ ထိုသို့ လက်ခံရရှိသော အစည်းအဝေးမှတ်တမ်းအပြည့်အစုံကို ပြည်သူ့လွှတ်တော်ဝက်ဘ်ဆိုက်တွင် အပြည့်အစုံတင်ပြီး Facebook ပေါ်သို့တင်ရာတွင်မူ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ ဆွေးနွေးမှု၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ဖြေဆိုမှုတို့ကို အပြည့်အစုံမဖော်ပြတော့ဘဲ ကောက်နုတ်ချက်ပုံစံမျိုးပြုလုပ်ထားသည်။ ထိုသို့ Facebook တွင် အတိုချုပ်တင်ရခြင်းမှာ လူမှုကွန်ရက်၏သဘောသဘာဝအရ လိုရင်းမျှသာ သိလိုကြပြီး အကျယ်သိလိုပါက ဆွေးနွေးမှုအပြည့်အစုံပါရှိသော Website link ကို ပူးတွဲဖော်ပြထားသည်။

အခြားသောကိစ္စများဖြစ်သည့် နိုင်ငံတကာဧည့်သည်များ လွှတ်တော်ဥက္ကဋ္ဌထံသို့လာရောက်တွေ့ဆုံမှု၊ လွှတ်တော်ဥက္ကဋ္ဌ၏ ပြည်တွင်းပြည်ပခရီးစဉ်များအကြောင်းနှင့် လွှတ်တော်သို့လာရောက်သော လေ့လာရေးအဖွဲ့များဆိုင်ရာ သတင်းတို့ကိုလည်း Website နှင့် Facebook တို့တွင် လွှင့်တင်ပေးသည်။

## (၆) ကြုံတွေ့ ရသည့်အခက်အခဲများ

လွှတ်တော်စတင်စဉ်ကဆိုလျှင် ဝန်ထမ်းအင်အား(၁၀)ဦးခန့်ဖြင့်သာ လုပ်ကိုင်ခဲ့ရခြင်း၊ ကွန်ပျူတာအရေအတွက်နည်းပါးခြင်း စသည်တို့ကြောင့် များစွာအခက်အခဲရှိခဲ့ရသည်။ လွှတ်တော်တွင်းဆွေးနွေးမှုမှတ်တမ်းအသံဖိုင်များကို စာစီစာရိုက်ရာတွင် ယခင်က တစ်နေ့လုံးစာအစည်းအဝေးအသံဖိုင်များကို တစ်ပေါင်းတည်း ရိုက်ကြရာမှ ယခုအခါတွင် အဆို/အမေး တစ်ခုချင်းစီ၏ အသံဖိုင်ကို သီးသန့်စီရရှိသဖြင့် ယခင်ကထက် ပိုမိုမြန်ဆန်ချောမွေ့လာကြသည်။

မှတ်တမ်းဌာနကြီးသည် ဖွဲ့စည်းကာလမကြာသေးဘဲ သက်တမ်း (၂) နှစ်ကျော်သာ ရှိသေးသည့်အတွက် လူအင်အားမပြည့်စုံခြင်း၊ စက်ပစ္စည်း၊ နည်းပညာ၊ စာအုပ်စင်၊ Box Files စသည်တို့ လိုအပ်လျက်ရှိနေသေးသည်။

ပြည်သူ့လွှတ်တော်၏ ဝက်ဘ်ဆိုက်လုံခြုံရေးနှင့်ပတ်သက်၍လည်း ပိုမိုထည့်သွင်းစဉ်းစားစရာ အချက်အလက်များ ပေါ်ပေါက်ခဲ့သည်။

## (၇) အကြံပြုချက်

ယခုလေ့လာမှုစာတမ်းငယ်သည် လွှတ်တော်များ၏ မှတ်တမ်းထိန်းသိမ်းမှုနှင့် သတင်းအချက်အလက်ဖြန့်ဖြူးမှုစနစ်ကောင်းတစ်ရပ် ပေါ်ထွန်းလာစေရန်ဖြစ်ပြီး အခြားသောလွှတ်တော်များအနေနှင့်လည်း စံနမူနာပြုနိုင်ရန်ဖြစ်သည်။ ပညာအလင်းပွင့်မြန်မာသုတေသန၏ တွေ့ရှိချက်များအရ အောက်ပါတို့ကို ထပ်တိုးလုပ်ဆောင်ရန် လိုအပ်ကြောင်း အကြံပြုရသည်။ ပြည်သူလူထုအနေဖြင့် လွှတ်တော်တွင် ယခုကဲ့သို့သော မှတ်တမ်းထိန်းသိမ်းမှုစနစ်နှင့် သတင်းအချက်အလက်ဖြန့်ဖြူးပုံစနစ်တို့ရှိကြောင်း သိရှိစေရန်လုပ်ဆောင်သင့်သည်။ လွှတ်တော်ဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေရာတွင် ပြည်သူ့လွှတ်တော် ဝက်ဘ်ဆိုက်နှင့် ပြည်သူ့လွှတ်တော် Facebook တို့ကိုသာ အားကိုးမနေသင့်ဘဲ လွှတ်တော်ရုံးဆိုင်ရာ Twitter ကိုလည်း နောက်ထပ်သတင်းဖြန့်ချိရေးနည်းလမ်းအနေဖြင့် သုံးစွဲနိုင်သည်။ ထို့ပြင် လွှတ်တော်ဥက္ကဋ္ဌ၊ ရုံးအကြီးတန်းဝန်ထမ်း စသည့် သတင်းအချက်အလက် ထုတ်ပြန်ခွင့်ရှိသည့် ပုဂ္ဂိုလ်တို့သည်လည်း လူမှုကွန်ရက်များဖြစ်သော Facebook, Twitter စသည်တို့ကို သုံးစွဲကာ သတင်းအချက်အလက်များ ဖြန့်ဝေသင့်သည်။ ထို့အပြင် ယနေ့ခေတ်ကာလကဲ့သို့ မိုဘိုင်းလ်ဖုန်းသုံးစွဲမှုမြင့်တက်လာသောအချိန်တွင် ပြည်သူအတွက်အကျိုးရှိကာ အလျင်အမြန်သိရှိစေရန်လိုအပ်သောကိစ္စရပ်များ၊ ဆွေးနွေးဆုံးဖြတ်ချက်များ ပေါ်ပေါက်လာလျှင် စာတိုပို့စနစ် (SMS) ကို သုံးကာ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်အောင် လုပ်ဆောင်သင့်သည်။ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် အင်တာနက်ကို လက်လှမ်းမမီသော သာမန်ပြည်သူများပင်လျှင် သတင်းအချက်အလက်ကို ပြည့်စုံမှန်ကန်စွာ သိရှိနိုင်မည်ဖြစ်သည်။ သုတေသနပြုလုပ်ခဲ့သည့် ကာလအတောအတွင်း ဖွံ့ဖြိုးပြီးနိုင်ငံအချို့မှ လွှတ်တော်ဆိုင်ရာကျွမ်းကျင်သူများလာရောက်ပြီး လွှတ်တော်ရုံးဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ပေးနေမှုကို တွေ့ရှိခဲ့ရာ ထိုကဲ့သို့သော သင်တန်းများအပြင် လွှတ်တော်အတွက် လိုအပ်သော အခြားစွမ်းဆောင်ရည်မြှင့်တင်မှုများကိုလည်း ပါဝင်လုပ်ဆောင်သူများအားလုံးနှင့် လက်တွဲနိုင်သမျှ လက်တွဲလုပ်ဆောင်သွားရန် လိုအပ်ပေသည်။ ပညာအလင်းပွင့်မြန်မာသုတေသနအဖွဲ့၏ မူလရည်ရွယ်ချက်မှာလည်း ထိုကဲ့သို့ ပြည်တွင်းပြည်ပအဖွဲ့အစည်း၊ ကျွမ်းကျင်ပညာရှင်တို့နှင့် လွှတ်တော်တို့အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်စေလိုရင်းဖြစ်သည်။ ထို့အပြင် ခေတ်မီတိုးတက်အဆင့်မြင့်လာသော နည်းပညာများကိုအသုံးပြု၍ လွှတ်တော်၏ မှတ်တမ်းထိန်းသိမ်းမှုနှင့် သတင်းအချက်အလက်ဖြန့်ဖြူးမှုတို့ကို စဉ်ဆက်မပြတ်အဆင့်မြှင့်တင်သွားရန်လိုအပ်သည်။ လေ့လာမှုအတွင်းတွင် လွှတ်တော်ဝက်ဘ်ဆိုက်ကို တိုက်ခိုက်ခံခဲ့ရကြောင်းသိရှိရပြီး နောက်တစ်ကြိမ်လည်း ထပ်မံတိုက်ခိုက်ခံရကာ လွှတ်တော်နှင့်ပတ်သက်သောအီးမေးလ်များကို ခိုးယူခံခဲ့ရမှုများဖြစ်ပေါ်ခဲ့သဖြင့် အင်တာနက်အသုံးပြုကာ မှတ်တမ်းထိန်းသိမ်းခြင်း၊

သတင်းအချက်အလက်ဖြန့်ဝေခြင်းတို့ကို အထူးစိုးရိမ်နေရန်မလိုဘဲ ယခုထက်ပိုမိုကောင်းမွန်စိတ်ချရသည့် နည်းစနစ်များကို အသုံးချသွားနိုင်ရန် လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ဝက်ဘ်ဆိုက်တွင်လည်း လွှတ်တော်တွင်းဆွေးနွေးဆုံးဖြတ်ချက်များ၊ ဥပဒေများ၊ ဥပဒေကြမ်းများကို ပြည့်စုံမှန်ကန်စွာဖြင့် အချိန်နှင့်တစ်ပြေးညီ တင်ပြပေးနိုင်ရန် အရေးတကြီးလိုအပ်လှသည်။

နောက်ဆက်တွဲ (က)

# ဂျာနယ်ထုတ်ဝေရေးအဖွဲ့၏ ရှင်းတွင်းစကား

လွှတ်တော်ဂျာနယ် အမှတ်(၁)ကို (၁၀-၉-၂၀၁၂)ရက်နေ့တွင် စတင်ထုတ်ဝေပါသည်။ လွှတ်တော်စာပေသမိုင်းတွင် စာမျက်နှာသစ်တစ်ရပ် ဖွင့်လှစ်ကမ္ပည်းထိုးလိုက်ခြင်း ဖြစ်ပါသည်။ လွှတ်တော်ဂျာနယ်ကို -

- **သတင်းများ ခိုင်မာမှန်ကန်စွာနှင့် အချိန်နှင့်တပြေးညီ ထုတ်ပြန်နိုင်ရန်၊**
- **လွှတ်တော်များနှင့် လွှတ်တော်အဖွဲ့အစည်းများ၏ တိုင်းကျိုးပြည်ပြု ဆောင်ရွက်ချက်များကို စုစည်းဖော်ပြနိုင်ရန်၊**
- **လွှတ်တော်နှင့် ပြည်သူများအကြား၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန်၊**
- **ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးနှင့် လွှတ်တော်များ၏ ထမ်းဆောင်ရမည့် အခန်းကဏ္ဍကို မှန်ကန်စွာ ဆက်စပ်နားလည်မှုရှိလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ထုတ်ဝေခြင်းဖြစ်ပါသည်။**

ဂျာနယ်ထုတ်ဝေနိုင်ရေးအတွက် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ရယ်ရွှင်စရာ စသည့်များကို ရေးသားပေးပို့ပါသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်များမှ ကိုယ်စားလှယ်များနှင့် စာမူရှင်များအားလုံးကို ဂျာနယ်ထုတ်ဝေရေးအဖွဲ့မှ ကျေးဇူးအထူးတင်ရှိပါကြောင်း ဖော်ပြလိုပါသည်။ ပေးပို့ထားသော စာမူများအနက်မှ နေရာအခက်အခဲကြောင့် ချန်လှပ်ထားခဲ့ရသော စာမူများကို ဂျာနယ်အမှတ်စဉ်(၂)တွင် ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါကြောင်း။ ပထမဦးဆုံးအကြိမ်နှင့် အချိန်တိုကာလအတွင်း ဂျာနယ်ထွက်ရှိနိုင်စေရန် ကြိုးစားဆောင်ရွက်ရပါသဖြင့် လိုအပ်ချက်၊ အားနည်းချက်များရှိခဲ့ပါက နားလည်ခွင့်လွှတ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဂျာနယ်ထုတ်ဝေရေးအဖွဲ့အနေဖြင့် နောင်ထွက်ရှိမည့် လွှတ်တော်ဂျာနယ်များကို ကဏ္ဍအစုံအလင်ဖြင့် ပိုမိုကောင်းမွန်သည်ထက် ကောင်းမွန်အောင် အားကြိုးမာန်တက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**ဂျာနယ်ထုတ်ဝေရေးအဖွဲ့၊ လွှတ်တော်ဂျာနယ်**

နောက်ဆက်တွဲ(ခ)

လွှတ်တော် ဂျာနယ်
HLUTTAW JOURNAL

"ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်"

အမှတ်(၁)၊ ၂၀၁၂ခုနှစ်၊ စက်တင်ဘာလ(၁၀)ရက်၊ တနင်္လာနေ့



ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ပြောကြားချက် ကောက်နုတ်ချက်များ

"မိမိတို့လွှတ်တော်ကိုယ်စားလှယ်များသည်ပါတီစွဲ၊ဝါဒစွဲ၊ဒေသစွဲ၊ လူမျိုးစွဲ၊ ကိုးကွယ်သည့် အယူဘာသာ အစွဲမထားရှိဘဲ နိုင်ငံအကျိုး၊ နိုင်ငံသားအကျိုး၊ ပြည်ထောင်စုအကျိုးအတွက် မျှမျှတတဖြစ်စေရေး အဓိကထားဆောင်ရွက်သွားကြရန်"

လွှတ်တော်များ ခိုင်မာရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ စိတ်ဓာတ် ကောင်းမွန်မှန်ကန်ရေး၊ အရည်အချင်းရှိအောင် တည်ဆောက်ကြရေးနှင့် ဒီမိုကရေစီကျင့်စဉ်များကို မှန်မှန်ကန်ကန်နှင့် စနစ်တကျ ကျင့်သုံးဆောင်ရွက်နေကြရန်။

တည်ဆဲဥပဒေများအား လေ့လာသုံးသပ်ပြီး နိုင်ငံနှင့် နိုင်ငံသားများအတွက် အကျိုးစီးပွား မဖော်ဆောင်နိုင်သော၊ နိုင်ငံနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မှု မပြုနိုင်သော ဥပဒေများအား ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းပြုရန်နှင့် နိုင်ငံနှင့် နိုင်ငံသားများအတွက် အကျိုးစီးပွားဖြစ်ထွန်းစေသော ဥပဒေအသစ်များ ပြဋ္ဌာန်းပေးနိုင်ရေး ဆောင်ရွက်ကြရန်။

မိမိတို့လွှတ်တော်၏ လုပ်ငန်းတာဝန်များကိုလည်း ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန်နှင့် သက်ဆိုင်ရာတို့နှင့် သတင်းမီဒီယာများ၏ ဝေဖန်အကြံပြုမှု၊ ထိန်းကျောင်းပေးမှုကိုလည်း နားလည်လက်ခံ ဆောင်ရွက်ကြရန်။

HLUTTAW JOURNAL